## ၅။ သံပုရာမီလီဂျပိုး/ပိုးစေးနဲ့

**Citrus mealybug : *Planococcus citri* (Risso, 1813)**

**Hemiptera :Pseudococcidae**

### ဖျက်ကောင်ပုံသဏ္ဌာန်များ





အကောင်ကြီး အမသည် ခန္ဓာကိုယ်ဘေးနားတလျှောက်တွင် တိုပြီးသန်မာသော စေးကပ်သောအမျှင် (၁၈) စုံပါရှိသည်။ ၎င်းတို့အနက် စအိုနှင့်နောက်ပိုင်းအစုံနှစ်စုံ၏ အမျှင်များသည် ကျန်အပိုင်းထက် ပို၍ရှည်သော်လည်း ခန္ဓာကိုယ်အလျားထက်တိုသည်။ ကျောဘက်ပိုင်းအား မှုန့်ညက်သော အစေးများဖြင့်ဖုံးထားပြီး လည်ပင်းပိုင်းပထမအဆစ်မှ ဝမ်းဗိုက်အလယ်ပိုင်းထိတွင် မဲနက်သော ဒေါင်လိုက်အစင်းတန်းတစ်ခုပါရှိသည်။ အစေး များအောက် ဘက်ရှိ ခန္ဓာကိုယ်အရောင်သည် အဝါ ရောင်မှ မက်မွန်ရောင်ဖြစ်သည်။ အကောင်ကြီးအထီးသည် အတောင်ပံတစ်စုံပါရှိသော်လည်း ပါးစပ် အစိတ်အပိုင်းမပါရှိပါ။

### ဖျက်ဆီးပုံလက္ခဏာများ



ပင်ရည်များအားစုပ်စားခြင်းကြောင့် အပင်ညှိုးခြင်းကိုဖြစ်ပေါ်စေသည်။ ပျားရည်စစ် ထုတ်သဖြင့် အပင်မျက်နှာပြင်အား စွန်းထင်းခြင်းကိုဖြစ်စေပြီး ကြပ်ခိုးမှိုများဖြစ်ပေါ်စေသည်။ ထို့ ကြောင့် အရွက်များအား နေရောင်ခြည်နှင့် လေတိုက်ရိုက်ထိ တွေ့မှုနည်းစေပြီး အစာချက် လုပ်နိုင်စွမ်းကိုတားဆီးမှုဖြစ်စေသည်။၎င်းဖျက်ပိုးသည် Cacao swollen shoot virus

ရောဂါကိုသယ်ဆောင်သော ဖျက်ပိုးဖြစ်ပြီး အကျိုးဆက်အနေဖြင့် အပင်များအား အရွက်ရောင်မ ညီကွက်ကြားဖြစ်ခြင်း၊ အမြစ်ဆဲသေခြင်းနှင့် ပင်စည်ဖောင်းခြင်းနှင့် ကိုင်းဖျားခြောက်ခြင်းများ ဖြစ်စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၂-၃)ရက် |
| ပိုးမမည်အဆင့် | - (၂၂)ရက် |
| အကောင်ကြီးအဆင့် | -(၃၂-၃၃)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖျက်ပိုးပျံ့နှံ့ကျရောက်မှုနှေးစေရန် အပင်များအားကိုင်းချိုင်ပါ။

(၂)ဖျက်ပိုးကူးစက်ပျံ့နှံ့မှုကာကွယ်ရန် လယ်ယာသုံးပစ္စည်းများအား ကွင်းထဲတွင် အသုံးပြုပြီး တိုင်း သန့်ရှင်းရေးပြုလုပ်ပါ။

(၃) ဖျက်ပိုးကျရောက်နေသော အရွက်များ၊ ပန်းပွင့်များ နှင့် ပန်းခိုင်များအား လက်ဖြင့်ကောက် ယူဖယ်ရှားပစ်ပါ။

(၄) တမာပိုးသတ်ဆေး၊ဆပ်ပြာဖျော်ရည်၊ကြက်သွန်ဖြူဖျော်ရည်ပက်ဖျန်းပါ။

(၅)အလွန်ဆိုးရွားစွာ ကျရောက်ပါက ထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- စပီရိုတတ်ထရာမက် (Spirotetramat)
- ကာဘာရိုင်း(Carbary)

- ဘူပရိုဖီဇင်(Buprofezin)
- ဘိုင်ဖန်သရင်(Bifenthrin)